ဆင်းရဲတယ်လို့ တကယ် သိတဲ့ပုဂ္ဂိုလ်က ဒီခန္ဓာမှာ ယုယပိုက်ထွေးလို့ အမျိုးမျိုး ပြုပြင်ဖို့ လိုသေးသလား။ စားစရာတွေ အမျိုးမျိုး ကျွေးဖို့ လိုသေးရဲ့လား။ အဲတော့ကာ ရှေးသူတော်ကောင်းတွေ ဘယ်လိုတွေလဲ လို့။ တကယ့် အရိယာ သူတော်ကောင်းတွေ ကျတော့ ခန္ဓာ စားတဲ့အခါ ဗိုက်ပြည့်ရင် တော်ပြီနော်။ ဝတ်တဲ့အခါလည်း အရှက်လုံရင် တော်ပြီ ကွဲ့။ နေစရာလည်း မိုးလုံ လေလုံရင် တော်ပြီပေါ့။ အဲလို လေ့လာဖို့ မကောင်းလား။ အဲဒါ မိမိက ကာကွယ်တဲ့နည်း တွေ။ ဗိုက်ပြည့်ရင် တော်ပြီ။ အထူးတလည် ခြယ်လှယ်ဖို့ လိုသေးရဲ့လား။ နေတဲ့ အခါ လေလုံ မိုးလုံရင် တော်ပြီ။ စားတဲ့အခါ ဗိုက်ပြည့်ရင် တော်ပြီ။ ဝတ်တဲ့အခါ အရှက်ပြေတော်ပြီ။ အရှက်လုံဖို့ လိုတာပေါ့။ အဲတာက လွဲလို့ အထူးတလည် ခြယ်လှယ်စရာ လိုသေးရဲ့လား။ ခြယ်လှယ်မွမ်းမံတာ ခန္ဓာ အပြစ်ကို သိလို့လား မသိလို့လား။ အေး မသိတာ အဝိဇ္ဇာ ပြုပြင်တာ သင်္ခါရ။ သင်္ခါရပစ္စယာ ဝိညာဏံ။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာပေါ့နော်။

အဲတော့ကာ လောကထဲမှာလည်း လင်ဆိုး မယားဆိုးတွေ ရှိတယ်။ ခဏခဏ ရန်ဖြစ် ရုံးကို ရောက်။ သူကြီးအိမ်ကို ရောက်။ ရွာဥက္ကဋ္ဌဆီ ရောက်။ စစ်ဆေးတဲ့အခါ အပြစ်ကိုပြရတယ်။ အပြစ်ကို မပြနိုင်ရင် ပြန်ပေါင်းစေ။ ကြားရဲ့လား။ အပြစ်ကိုပြနိုင်မှ ဒီနေ့ကစ လင်မယား ပြတ်စဲစေ။ ဆုံးဖြတ်တာ။ အဲတာ လင်မယား ကွဲချင်ရင် အပြစ်ကို ပြရတယ် ကြားရဲ့လား။ အဲလို စိစစ်ဖို့ မကောင်းလား။

မကြားစဖူး ကြားဖူးထပ်မံတဲ့။ ရှေးအထက်ကျော်ကာရီက လင်မယား သားအမိ သားအဖ သုံးယောက် ရှိတယ်နော်။ ဒါနဲ့ သားလေး တစ်ယောက်က လိမ်လိမ်မာမာနဲ့ပေါ့။ ကျောင်း ထားတဲ့ အခါက စပြီးတော့မှ လိမ်လိမ်မာမာ။ လေးတန်းကျတော့ ကျောင်းက ထွက်လာခဲ့ တယ်။ တစ်ဆယ်ဆယ့်နှစ် အရွယ် ရောက်လာပြီ။ အဲဒီအခါသူက သူနိုင်သလောက် ပုံးလေးတွေနဲ့ နှစ်ပိဿာ ခွဲနိုင်တဲ့ ပုံးလေးတွေနဲ့ ရေထမ်း... မိဘကူတယ်။ မိဘရဲ့ အဝတ်အစားတွေ ဖွတ်ပေး တယ် လျှော်ပေးတယ်။ ကြားလား။ နည်းနည်း ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ် တော်တော် လုပ်နိုင်တာပေါ့။ ဆယ်ခုနှစ်နှစ်ကျတော့ သန်သန်မာမာနော်။ အဲဒီလို လိမ်မာတဲ့ သားသမီး မိဘနှစ်ပါးက မချစ်ဘူးလား ချစ်မလား။ ဗိုက်တာတောင် တစ်နေ့နေ့ လိမ်မာ လိမ္မဦးမယ်လို့ ချစ် သေးတာကွဲ့။ မိဘက ကြားရဲ့လား။ လိမ်မာတဲ့ပုဂ္ဂိုလ်ဆိုတော့ မိဘက အင်မတန် ချစ်တယ် နော်။

အဲဒီလို လိမ်မာတဲ့ သားသမီးကျတော့ကာ ဟော ချွေးမကောင်းကောင်း ရချင်တာဗျ။ လိမ်မာ တဲ့ သမီးကျတော့ သားမက် ကောင်းကောင်း ရချင်တာပေါ့။ မရချင်ဘူးလားဟေ့။ အဲဒါ တစ်နေ့သ၌ ကျတော့ အဲသည့်သားလေးတစ်ယောက်က မိဘ သဘောမကျတဲ့ အိမ်သွား လည်တာဗျ။ အဲသည့်

အမျိုးလေးက အမျိုးသမီးလေးကလည်းပဲ ဘွဲ့ရပြီးသား အမျိုးသမီး လေး။ စားဝတ်နေရေးကလည်း သူတို့အိမ် ပြေတယ်။ ရုပ်ဆင်းအင်္ဂါလည်း အသင့်အတင့် လှတယ်။ ကြားရဲ့လား။ မိဘတွေက မကြိုက်။ ဘုန်းကြီးသာဆို ပေးစားလိုက်တော့မှာ ကြား ရလားဟ။ မိဘက မကြိုက်။ ဘာကြောင့် မကြိုက်တာလဲ ။ ဝေါဟာရ ပညတ် စုန်းတတ်တာ ကိုး။ တစ်နေ့တော့ ငါ့သား သူ့လက်ချက်နဲ့ သေမယ်ဆိုတော့ ကြောက်တာပေ့ါဟ။ စဉ်းစားဖို့ မကောင်းလား။

အဲ စုန်းတတ်တယ်လို့ ပြောရမှာလည်း စုန်းကလည်း အကောင်အထည်ဟုတ်ကဲ့လား။ ပညာ ကွဲ့ သူ့အတတ်က အကောင်အထည် မဟုတ်ဘူးကြားရဲ့လား။ အကောင်အထည်ဆိုရင် လူတိုင်း သိမှာပေ့ါ။ စဉ်းစားဖို့ မကောင်းလား။ အဲဒီ စိတ်ဝင်ခါမှ ပေါ်တာ။ လေ့လာဖို့ မကောင်းလား။ အကောင် အထည် မဟုတ်ဘူးနော်။ အဲသည့်အိမ်ပဲ သွားသွား လည်တော့ တာ။ မသွားနဲ့ဆို သွားတယ်။ မသွားနဲ့ သွားတာပဲ။ နောက်တော့ လေးငါးခြောက်လလောက် ကြာတော့ အစောကြီး ပြန်လာခဲ့တယ်။ အိပ်ရာထဲဝင်အိပ်။ နဖူး ကိုင်စမ်းကြည့်။ ခြေတွေ လက်တွေ ကိုင်စမ်းကြည့်။ ဘယ်နှယ့်လဲ။ ကောင်းပါတယ်။ ဘာဖြစ်လို့လဲ။ အိမ်ရှင်မ နေမကောင်းလို့ ကြားရဲ့လား။ သူ့ ရည်းစား နေမကောင်းဘူးပေ့ါ။ အင်း ဒီနေ့ ဘာနေ့လဲ လပြည့်နေ့။ ဟား အဲဒီအတတ်က လပြည့်နေ့ မှာ ပေါ်တာကိုး။ လကွယ်တို့ လပြည့်တို့မှ ပေါ်တာ။ နောက်လကွယ် ကျန်သေးတယ်။ လကွယ် ထမင်း လက်ဆုံစားတဲ့ အခါမှာ သမီး ရည်းစား ဆိုတာ အချစ်စမ်းတာကွဲ့။ မင်းအပြန်နိုင်းတိုင်းသာ ပြန်မယ်ဆိုရင် ကြားလူသာဝင် မင်း လက်လွတ်တော့မှာ။ လက်လွတ်မခံနဲ့။ အင်း အဲဒါ အပြန်ခိုင်း တာ။ အချစ်စမ်းတာ။ ပေတောပြီးတော့ နေရတယ်။ မိဘက မသင်ရဘူးလား။ ကိုယ့်မိဘ ဆိုတော့ ယုံတာပေ့ါ။

နောက်လကွယ်နေ့ သွားတော့ အကိုရယ် အရင်တစ်ပတ် ထက် ပိုဆိုးတယ်။ လည်နာတာ ကော ခေါင်းကိုက်တာရော။ ဗိုက်နာတာကော သုံးပါးလေးထွေပေ့ါ။ ပြန်သာ ပြန်စမ်းပါဦး။ မပြန်ပါရစေနဲ့ ကွယ်။ မင်း နေမကောင်းရင် အိပ်သာ နေပါ။ ငါ ခါတိုင်းက လည်လို့ ပြန်တဲ့ အချိန်ကျမှ ပြန်ပါရစေ။ ပြန်သာပြန်စမ်းပါ။ မပြန်ပါရစေနဲ့။ ပြောပြောဆိုဆို ရင်ခွင်ထဲမှာ စုန်းက တောက်တော့တာ။ မီးလုံးကြီးတွေ ဘွားကနဲ ဘွားကနဲ တောက်တော့တာ။ မင်းသား မျက်လုံးကြီးတွေ ပြူးသွားတော့ တာ။ မျက်လုံးတွေ ပြူးသွားတော့တာ။ ချစ်တဲ့စိတ်ရှိသေးရဲ့ လားဟဲ့။ နည်းနည်းလေးမှ မကျန်ကွာ ။ငါ အံ့သြတယ်ကြားရဲ့လား။ ဟင်းတွေ ဘာတွေ ထမင်း စားတဲ့အခါ အိုးကပ်တော့ ကျန်သေးတာ။ ကြားရဲ့လား။ အခု ချစ်တဲ့စိတ်ကို နည်းနည်း မှ မကျန်တာ။ ကြောက်မနေဘူးလားဟဲ့။ ကြောက်နေ တော့တာကွဲ့။ စုန်းတောက်က ပြေတော့ အလွှာပသလွှာပပြော။ ပြောတော့ သူ့အတတ်ကို

ဘယ်သူ့မှ မပြောရဘူး လို့ နှုတ်ပိတ်ရတော့တာနော်။ ဆယ့်နှစ်နာရီထိုးတော့ အိမ်ပြန်ခဲ့တော့တာ။ ပြန်တော့ နောက်နေ့ ကျတော့ ထမင်းစားပြီး အိပ်ရာထဲ ဝင်အိပ်တော့တာ မင်းသားက။ မသွားဘူး ။ အေးလေ ငါ့သား နေမကောင်းလားဟဲ့။ နဖူးကိုင်လိုက် ခြေတွေ လက်တွေ ကိုင်လိုက် မကိုင်ရဘူး လား။ နေကောင်းရဲ့လား။ ကောင်းပါတယ် ဘာဖြစ်လို့ မသွားတာလဲ။ မသွားဘာလို့လဲ။ ခဏခဏ မေးတော့ မိဘ ဆိုတော့။ သူ့ရည်းစားက စုန်းတတ်တယ်လို့ ပြောတော့တာပေါ့။ ဒီလိုမလုပ်နဲ့ သွား သွား ငြိုးလိမ့်တယ်။ မင်း ဒီလိုမလုပ်နဲ့ သွား-သွား။ ကိုယ်ပေါင်း စိတ်ချွာ။ ကိုယ်ပေါင်း စိတ်ချွာ တဲ့။ ကြားရဲ့လား။ ငြိုးလိမ့်မယ်။ ကဲ မိဘ ခိုင်းလို့သာ သွားရတယ် ချစ်စိတ်လား။ ကြောက်စိတ်လား။ ကြောက်စိတ်ကွဲ့ ကြောက်စိတ်။ ကြောက်စိတ်။

အဲ မိဘက သင်တယ် ...စားစရာ ကျွေးမစားနဲ့။ဟိုက စားစရာ ကျွေးတာ ဖော်ဖော်ရွှေရွှေ ပေါ့။ ဆေး စားခဲ့တယ်တဲ့ ဆေး စားခဲ့တယ်တဲ့။ မစားဘူး။ ကြားရလားဟေ့။ ဆေး စားခဲ့တယ်တဲ့ ကွဲ့။ အဲလို စိစစ်ဖို့ မကောင်းလား။ အေး အဲဒါနဲ့ ဟိုရွာ သွား ဒီရွာ သွားနဲ့ လေးငါးရက် လောက်ကြာလိုက် ပြန်လာလိုက်။ နောက်တစ်လလောက် ကြာလိုက် ပြန်လာလိုက်။ နည်းနည်း ပါးပါး စိတ်ဓာတ်တွေ ပြောင်းသွားအောင်ပေါ့။ စဉ်းစားဖို့မကောင်းလား။ လေ့လာဖို့ လိုတယ်နော်။ ဒါကြောင့် အကျိုး အပြစ်ကို သိတော့ ချစ်တဲ့ စိတ်ရှိသေးရဲ့လား။ မရှိဘူး။ အဲသည့် အမျိုးသမီးက သူ့တတ်တဲ့ပညာကို လိုက်လျောပြီးတော့ ပေါင်းရင် ပေါင်းလို့ဖြစ်သေးတယ် ကြားရဲ့လား။

အဲသည့် အခု ရရှိတဲ့ ခန္ဓာ ငါးပါးကြီးက မိုးကုတ် ဆရာတော်ဘုရားကြီးက လူသတ် ယောက်ျား ကြီး လို့ မဟောလား။ ခန္ဓာငါးပါး သူသတ် ယောက်ျားလို့ မဟောဘူးလား။ အဲဒီခန္ဓာ သတ်လို့ သေခဲ့တာ ဘဝပေါင်း မရေတွက်နိုင်ဘူး။ မရေနိုင်ဘူး သူသတ်ခဲ့တာ။ အဲဒါ သူသတ် ယောက်ျားလို့ သိ ဒီခန္ဓာမျိုး ရချင်သေးရဲ့လား။ အခုတော့ မိတ်ဆွေလို့ ထင်တာ။ ကိုယ့်အဖေလို့ ထင်တာ။ ကြားရဲ့လား ဟဲ့ စဉ်းစားဖို့ မကောင်းလား။ ရန်သူအစစ် ခန္ဓာ ငါးပါးက။

ရူပက္ခန္ဓာသတ်လို့ သေခဲ့တာ မရေတွက်နိုင်။ ဝမ်းလျှောလို့ သေတာတွေ ကြားဖူးရဲ့လား။ ဆီးချုပ်လို့ သေတာတွေ။ သွေးအန်လို့ သေတာကြားဖူးရဲ့လား။ အဲဒါ ရူပက္ခန္ဓာ သတ်တာ။ အထက်လှန် အောက်လျှောလို့ နာမည် မပေးဘူးလား။ အဲဒါ ဆေး မမှီဘူးကွဲ့နော်။ ကပ် ဆိုက်တယ်လို့ ကော မပြောဘူးလား။ အဲဒါရူပက္ခန္ဓာ သတ်တာ။ ရူပက္ခန္ဓာ ဘယ်လောက်ဆိုးသလဲ။ ဟော ဆောင်းအခါ ဘုန်းကြီးတို့ အသက်ကြီးတဲ့သူက ကျင်ငယ် ခဏ ခဏ စွန့်ချင် တာ အဲဒါ အိမ်သာပို့။ မပို့ အိပ်ရာထဲမှာ ပါမှာတဲ့။ အိပ်ရာထဲ ပါမှာတဲ့။ မလုပ်နဲ့ကွယ် နေဦး ပို့မယ်.... အိမ်သာပို့ရတယ်

www.thitsarparamisociety.com



ကြားလား။ မင်းငါ့ကို ကျွေး မကျွေးရင်ငါ သေပြမှာ တဲ့။ ကဲ မလုပ်စမ်းနဲ့ဟ... ကျွေးမယ်။ ကျွေးရတာ။ မကျွေးရင် သေပြမှာတဲ့ဗျ။ အဲလို ရူပက္ခန္ဓာ နှိပ်စက်တာ သတ်ခဲ့တာ မရေတွက်နိုင်ဘူး နော်။ ဝေဒနာက္ခန္ဓာ သတ်လို့ သေခဲ့တာ မရေတွက်နိုင်ဘူး။ စားလို့ ကောင်းတယ် ကောင်းတာ ကောင်းလိုက်တာနဲ့ ဇုဇကာ ပုဏ္ဏား အူပြဲလို့ သေတာ ကြားဖူးကြလား။ ဝေဒနာက္ခန္ဓာ သတ်တာဗျ။ ဝေဒနာက္ခန္ဓာ သတ်တာ ကြားလား။

သညာက္ခန္ဓာ သတ်လို့ ဆေးထိုးမှားလို့ သေတာ ကြားဖူးရဲ့လား။ အဲဒါ သညာက္ခန္ဓာ သတ်တာတွေ ကြားလား။

အစားမတော်တော့ တစ်ဖွန်း အသွားမတော်တော့ တစ်လှမ်းလို့ မပြောဘူးလား။ အဲဒါ သင်္ခါရက္ခန္ဓာ သတ်တာ။

ဝိညာဏက္ခန္ဓာ သတ်တာကလည်း မရေတွက်နိုင်ဘူး။ သမီးရည်းစားက ဆယ်တန်းတုန်းက သမီးရည်းစား ရိုးရိုးတန်းတန်း။ သူတို့က ဘွဲ့လွန်ပြီးကာ မင်္ဂလာ လက်ထပ်မလို့. ကဲ သူတို့ သစ္စာ မပြုကြဘူးလား။ ဘွဲ့က ရလာခဲ့ပြီနော်။ မိဘလေးပါး။ မိန်းကလေး ဘက်က မိဘလည်း ယောကျ်ားလေးကို မလို။ ယောကျ်ားလေးဘက်က မိဘကလည်း မိန်ကလေးကို မလို။ ကြားရဲ့လား သဘောမတူဘူး။ အဲ သူတို့ သမီး ရည်းစား နှစ်ယောက်ကတော့ သူနဲ့မှ မနေရရင် အဆိပ်သောက်လို့ သေမယ်။ အဆိပ် သောက်သေတာ ကြားဖူးရဲ့လားဟဲ့။ အဲဒါ ဝိညာဏက္ခန္ဓာ သတ်တာ ကြားလားဟဲ့။ အင်းကြိုး ဆွဲချလို့ သေမယ် အဲဒါ ဝိညာဏက္ခန္ဓာ သတ်လို့သေတာ ကြားရလား။ ရေထဲ ခုန်ဆင်းသေမယ် ဒီလိုတွေကော ကြားဖူးရဲ့လား။ အဲဒါ ဝိညာဏက္ခန္ဓာ သတ်တာဗျ။

အဲဒီ ခန္ဓာ အကျိုး အပြစ်ကို သိရင် နောင်တစ်ဖန်ဒီခန္ဓာမျိုး ရချင်သေးရဲ့လား။ မရချင်တော့ဘူးနော်။ အဲဒီလို လေ့လာဖို့ မကောင်းလား။ တရား အားထုတ်တော့ တရားပျောက်တော့ ကိုယ်မှာ ရှာ ကိုယ်မှာ ရှာတော့ တရားတွေ့ လို့ မပြောဘူးလား။ ဘယ်တရားတွေ တွေ့တာ လဲ။ ဒုက္ခသစ္စာ။ သိပယ်ဆိုက်ပွား လေးပါးကိစ္စ မဂ်တစ်ခဏ လို့ မပြောဘူးလား။ သိမှ ပယ်နိုင်တာနော်။ အဲလို လေ့လာဖို့ မကောင်းလား။ အဲသည့်နေရာ ရောက်အောင် အားထုတ်ကြ ကြားလား။ ကဲ လိုက်ဆိုကြ။

ရူပက္ခန္ဓာ ဖောက်ပြန်တာ ပမာ ရေမြှုပ်လို။ ရေမြှုပ်ပုံပြု ဖြစ်ပျက်ရှု ရမှုမဂ်နဲ့ဖိုလ်။

ကဲ ရူပက္ခန္ဓာကြီးက အခုလည်း ညောင်းလိုက် ကိုက်လိုက်ပြုလိုက် အမျိုးမျိုး ဖောက်ပြန်ပြီးတော့ မနေဘူးလား။ စဉ်းစားဖို့ မကောင်းလား။ အနှစ်သာရ ရှိရဲ့လား။ ရေမြှုပ်ကြီးနဲ့ တူတယ်လို့ မပြောဘူးလား။ ဖောက်ပြန်ပြီးတော့ မပျက်လား။ အဲလို ရူပက္ခန္ဓာ သတ်ခဲ့တာ မရေတွက်နိုင်ဘူးနော်။

အဲလို လေ့လာဖို့ မကောင်းလား။ အဲဒါ လိုရင်းအချက်။ ဖြစ်ပျက် ဘာသစ္စာလဲ။ သိပယ်လို့ မပယောဘူး လား။ ဒုက္ခသစ္စာ ဆိုတဲ့ ဒီခန္ဓာကြီးကို သာယာ တွယ်တာတဲ့ သမုဒယ လာဦးမလား။

ဝေဒနာက္ခန္ဓာ ခံစားတာ ပမာရေပွက်လို့။ ရေပွက်ပုံပြု ဖြစ်ပျက်ရှု ရမှု မင်္ဂနဲ့ဖိုလ်။

သညာက္ခန္ဓာ မှတ်သားတာ ပမာ တံလှပ်လို့။ တံလှပ်ပုံပြု ဖြစ်ပျက်ရှု ရမှု မင်္ဂနဲ့ဖိုလ်။

သင်္ခါရက္ခန္ဓာ စေ့ဆော်တာ ပြုပြင်တာ ပမာငှက်ပျောလို့။

ငှက်ပျောပုံပြု ဖြစ်ပျက်ရှု ရမှု မင်္ဂနဲ့ဖိုလ်။

ဝိညာဏက္ခန္ဓာ ထွေထွေလာလာ ကြံသိတာ ပမာမျက်လှည့်လို့။

မျက်လှည့်ပုံပြု ဖြစ်ပျက်ရှု ရမှုမင်္ဂနဲ့ဖိုလ်။

အဲဒါ အလုပ်ပေး တရားဗျ၊ စဉ်းစား။

ကဲ ဖြစ်ပျက် ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတယ်လို့ သိတော့ နောင်တစ်ဖန် သည့်ခန္ဓာမျိုး ရချင်သေးရဲ့လား။ သိတော့ ပယ်တော့တာနော်။ ဆင်းရဲတယ် ဆိုတော့ကာ ... ကဲ တဏှာ လာသေးရဲ့လား။ ဥပါဒါန် လာသေးရဲ့လား။ ကံ လာသေးရဲ့လား။ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မပြတ်လား။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓ သစ္စာ။

ကဲ မြင်ဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါဘုရား။) သိတာက ။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက... (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာမလာတာ ။ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ (လေးကွက် ရှိပါတယ် ဘုရား)။ တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။) ငါး လေးလီ။(နှစ်ဆယ်)။ ဤရှစ်သွယ်ကို ။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

(ဣမာယ အမျှဝေ)

သာဓု - သာဓု - သာဓု။